# အခြားတစ်ဖက်ကနေရှုကြည့်ပါဦး

တူမောင်ညို

(၂၀၀၉ ခုနှစ်၊ မတ်လ ၁၉ ရက် )

၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို (နအဖ) သတင်းစာတွေက "ဒိတ်အောက်သွားပြီ" လို့ရေးသည်။ ယခု (ကို) အောင်သူငြိမ်းက"ခံစစ်သေ"လို့ရေးသည်။ မာနယ်ပလောကျဆုံးသွားတာကိုပင်သင်ခန်းစာယူဖို့ ပြောနေသည်။ ရေးတဲ့သူသာကွဲသည်၊ အာဘော်ကအတူတူပင်ဖြစ်သည်။ အနှစ်သာရက ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို စွန့်လွှတ်ခိုင်းကြတာဖြစ်သည်။

ဒိတ်အောက်တယ်လို့ပြောပြော၊ ခံစစ်သေလို့ပဲဆိုဆို ယခုလိုပြောနေရေးနေကြရတာကပင် ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်၏ အသက်ဓါတ်နဲ့သန်စွမ်းခိုင်မာမှုကို အသိအမှတ်ပြုနေရတာပဲမဟုတ်ပါလား။ ပြောနေကြသလိုသာ ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်ကို လွယ်လွယ်နဲ့ ဖျက်သိမ်းနိုင်ခဲ့ရင် (နဝတ-နအဖ) စစ်အစိုးရ လက်ခမောင်းခတ်နေခဲ့မှာကြာလှပေါ့။ ၁၉၉၀ပြည့် မေလ (၂၇) ရက်နောက်ပိုင်းကစပြီး ၁၉၉၀ ပြည့်ရွေးကောက်ပွဲ ရလဒ်ကိုဖျက်သိမ်းဖို့ (နဝတ-နအဖ) စစ်အစိုးရက မီးကုန်ယမ်းကုန်ကြိုးပမ်းခဲ့တာပါ။ ဘာဖြစ်ခဲ့ပါသလဲ။ တည်ရှိနေတဲ့ ပြဿနာပြေလည်မသွားတဲ့အပြင် ပြဿနာသစ်တွေသာတရစ်ရစ်ပြီးထပ်တက်လာခဲ့တယ်မဟုတ်ပါလား။နက်ရှိုင်းကျယ်ပြန့်လာနေခဲ့တယ်မဟုတ်ပါလား။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပြဿနာအားလုံးကိုကျော်လွှားနိုင်ပါ့မလား။

"၂၀၁၀ ရွေးကောက်ပွဲသည်သာမြန်မာ့နိုင်ငံရေး၏ ဗဟိုချက်မ၊မြန်မာနိုင်ငံ ပြဿနာများပြေလည်သွားဖွယ်ရာလမ်းကြောင်း အဖြစ်မမြင်မိသေးပါ" ဟု အောင်သူငြိမ်းက ဖွင့်ဟဝန်ခံထားသည်။

ဘာကြောင့် ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်ကိုမှ တဖက်သတ်စွန့်လွှတ်ခိုင်းနေကြရတာလဲ။ လမ်းပြမြေပုံကိုစွန့်လွှတ်ပါလို့ပြောကြပါလား။ (NLD) ကအလျှော့မပေးလို့၊ အလျှော့ပေးလိုက်ရင် ပြဿနာပြေလည်သွားလိမ့်မယ် လို့စဉ်းစားတာဟာ မှုမဲ့တဲ့ စဉ်းစားနည်းဖြစ်သည်။ အညံ့ခံအလျှော့ပေးခြင်းဖြစ်သည်။

ပြဿနာမှန်သမျှ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းပေါ်တွင် တင်ပြီး အပေးအယူအလျှော့အတင်းပြုလုပ်ကြရမည်သာဖြစ်သည်။ စားပွဲဝိုင်းပေါ်မရောက်ခင် ကြိုတင်အလျှော့ပေးခိုင်းနေခြင်း၊စွန့်လွှတ်ခိုင်းနေခြင်းများမှာတရားမျှတမှုမရှိပါ။နည်းလမ်းမကျပါ။ ပိတ်ငှပိတ်စွန့်လွှတ်ကြောင်းကြေညာလျှင် တွေ့မည်ဟုပြောခြင်းမှာအကျပ်ကိုင်ခြင်းနှင့်နိုင်ငံတကာကိုလှည့်စားခြင်းသာဖြစ်ပါသည်။

မာနယ်ပလောစခန်းနဲ့ ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်ဟာ အနှစ်သာရအရ မတူညီတဲ့ ကိစ္စ ၂ ရပ် ၊ အခြေအနေ၂ရပ်ဖြစ်ပါသည်။ ဒါကိုမျဉ်းပြိုင်ထားပြီးသုံးသပ်လို့မရပါ၊ ကောက်ချက်ဆွဲလို့မရနိုင်ပါ။ မာနယ်ပလောသည် စစ်ရေးအခြေခံစခန်းတခုသာဖြစ်ပါသည်။ ဆုံးရှုံးသွားတဲ့ မာနယ်ပလော စခန်းပြန်ပေးပါလို့ ဘယ်သူကမှ တောင်းဆိုတာမကြားမိပါ၊ ထို့အတူနိုင်ငံတကာကလည်း ပြန်ပေးပါလို့ပြောသံမကြားပါ။ ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ (နဝတ-နအဖ) စစ်အစိုးရ၏တည်ဆဲဥပဒေများအရ ကျင်းပပေးခဲ့သည့် ရွေးကောက်ပွဲမှ ရရှိလာသည့် တရားဝင်ရလဒ်ဖြစ်ပါသည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ဟာ (NLD) တဖွဲ့ထဲနဲ့ပဲ သက်ဆိုင်နေတဲ့ကိစ္စမဟုတ်ပါဘူး။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ လူထုဆီက တစုံတရာမဲအရေ အတွက်ရခဲ့တဲ့ ပါတီတွေနဲ့လည်းသက်ဆိုင်ပါသည်။ (NLD) ကို လူထုမဲတွေစုပုံပေးခဲ့တာဘာကြောင့်လဲဆိုတာ မေးစရာလိုသေးလို့လား။

(NLD) ကို အားမလို အားမရဖြစ်ရတာတွေ အများကြီးရှိတယ်ဆိုတာကိုလက်ခံပါသည်။

ဘယ်လိုပဲ အရည်ဆန်ပြီးပြောင်းရွှေ့နေပါစေ နှစ်(၂၀) လုံးလုံးနိုင်ငံရေးအာဏာသည် (နဝတ-နအဖ) စစ်အစိုးရလက်ထဲတွင်သာရှိနေပါသည်။ ဘယ်ကိုမျှပြောင်းရွှေ့မသွားပါ။ ယင်းအာဏာဖြင့် အတိုက်အခံဟူသမျှ၊ လှုပ်ရှားမှုမှန်သမျှကို ဖိနှိပ်နေခြင်းဖြစ်သည်။ ချေမှုန်းနေခြင်းဖြစ်သည်။

သို့သော်လည်း မြန်မာ့နိုင်ငံရေးတိုက်ပွဲ အဓိကမျက်နှာစာသည် ၁၉၉၀ မတိုင်ခင်က တောတွင်းမှာ (လက်နက်ကိုင်တိုက်ပွဲ) တည်ရှိနေခဲ့သော်လည်း ၁၉၉၀ မေလ (၂၇) ရက်နောက်ပိုင်းမှာ မြို့ပေါ်ရောက်လာပါသည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်သည် (နဝတ-နအဖ) စစ်အစိုးရအဖို့ အဓိကထားတိုက် ဖျက်ပစ်ရမည့် အချက်အချာကိစ္စဖြစ်လာပါသည်။ သို့အတွက် (နဝတ-နအဖ)စစ်အစိုးရအနေဖြင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲ ရလဒ်တိုက်ဖျက်ရေးကိုအဓိကထားလုပ်ဆောင်ခဲ့ပါသည်။ ဒီကနေ့အထိ လုပ်ဆောင် နေဆဲဖြစ်ပါသည်။

သို့ပါ၍ ကျနော်တို့အနေဖြင့် (နအဖ) စစ်အစိုးရနဲ့ နှစ်ကိုယ့်တစ်စိတ်လုပ်ပြီး ၁၉၉၀ ပြည့်ရွေးကောက်ပွဲ ရလဒ်ဖျက်သိမ်းရေးဘက်တွင်ပါဝင်မလား၊ သို့တည်းမဟုတ် (NLD) နှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုဘက်မှ တစိတ်တည်းတဝမ်းတည်းနေပြီး ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်ကို ခုခံကာကွယ်မလားဆိုတာ ရွေးချယ်ကြရပါလိမ့်မည်။ ယင်းကသာ "ရပ်တည်ချက်ပြဿနာ"ဖြစ်ပါသည်။ ယင်းရပ်တည်ချက်ရှိမှသာ ၂၀၁၀ ကို ရင်ဆိုင်ဖြတ်သန်းနိုင် ပါလိမ့်မည်။

အခုတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ခံစစ်သေလို့မြင်နေသည်။ ၂၀၁၀ ရွေးကောက်ပွဲဝင်ပါလားလို့ မတိုက်တွန်းရဲဘူး။ အားလုံးစုဆုံနိုင်မယ့် ဗဟိုချက်ကလည်းပျောက်နေသည်။ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ပြေလည်ရေး လမ်းကြောင်းအဖြစ်မမြင်မိသေးပါဟုဆိုတော့ တော်တော်တော့ခက်နေပြီ။ မိုးမှောင်ကျပြီး ထွက်လမ်းဘယ်မမြင်ဆိုသလို ဖြစ်နေပြီ။

ဘာပဲဖြစ်ဖြစ် ၂၀၁၀ ကိုဖြတ်သန်းနိုင်ဖို့ အောလ်တာနေးတစ်တစ်ခုတော့ အခြားတစ်ဖက်ကနေ ရှာကြည့်ပါဦး။